# သမတအိမ်တော်၊ ရန်ကုန်မြို့။
# ၁၉၄၈ ခုနှစ်၊ ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး နိုင်ငံပိုင်ပြုလုပ်ခြင်း အက်ဥပဒေ။
## ၁၉၄၈ ခုနှစ်၊ အက်ဥပဒေအမှတ် ၂၄။
## ၁၃၁၀ ခု၊ ကဆုန်လဆုတ် ၈ ရက်။
## ၁၉၄၈ ခု၊ ဧပြီလ ၃၀ ရက်။

[ ပြင်ဆင်: 04.11.1948 ]

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ၊ အောက်ဖော်ပြပါ အက်ဥပဒေကို ထုတ်ပြန် ကျေညာသည်။

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းသည်-

၁။ ။ ဤအက်ဥပဒေသည် ချက်ခြင်းအာဏာတည်ရမည်။

၂။ ။ ဤအက်ဥပဒေ၌ပါရှိသည့်-

"ကုမ္ပဏီ" ဆိုသည်မှာ၊ ဧရာဝတီကုမ္ပဏီလီမိတက်ကိုဆိုလိုသည်။

"အဖွဲ့" ဆိုသည်မှာ၊ ပြည်တွင်း ရေကြောင်းသယ်ယူပို့ဆောင်ရေးအမိန့်အရ၊ ဖွဲ့စည်းထားသည့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့ကိုဆိုလိုသည်။

"ကိုယ်စားလှယ်သဘောတူ စာချုပ်" ဆိုသည်မှာ၊ ၁၉၄၆ ခုနှစ်၊ ဇန္နဝါရီလ ၂၈ ရက်နေ့တွင်၊ မြန်မာ နိုင်ငံတော်ဘုရင်ခံမင်းကြီးနှင့် ဧရာဝတီကုမ္ပဏီ လီမိတက်တို့ ချုပ်ဆိုထားသည့် သဘောတူစာချုပ်ကို ဆိုလိုသည်။

<ပြင်ဆင် 04.11.1948>

၃။ ။ ကိုယ်စားလှယ် သဘောတူစာချုပ်၊ သို့တည်းမဟုတ် တည်ဆဲတရားဥပဒေ၌ မည်သို့ပင်ပါရှိစေကာမူ၊ ၁၉၄၈ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့ထက် နောက်မကျသောသမတက သီးခြားဖော်ပြမည့် နေ့ရက်တွင်၊ ယင်း ကိုယ်စားလှယ် သဘောတူစာချုပ်အရ၊ ပြည်ထောင်စု အစိုးရကိုယ်စား ပြုလုပ်ဆောင်ရွက်နေသည့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို၊ သမတက ၎င်းကုမ္ပဏီမှ တရားဥပဒေအရ လက်ခံယူနိုင်ရမည်။ သမတက အဆိုပါလုပ်ငန်းများကို လက်ခံယူသည့်အခါ၊ ကုမ္ပဏီပိုင် ပစ္စည်း အရပ်ရပ်နှင့် အဖွဲ့အောက်တွင်ကုမ္ပဏီထားရှိသည့်၊ သို့တည်းမဟုတ် အခြားနည်းထားရှိသည့် ကြီးကြပ် အုပ်ချုပ်မှုနှင့် လုပ်ငန်းများ၊ ဆောင်ရွက်မှုများတို့တွင်၊ အမှုထမ်းနေသူများ အားလုံးတို့သည်၊ သမတကြီး ၏ ကြီးကြပ်မှုအောက်သို့ ရောက်ရှိလာရမည်။

၄။ ။ ပုဒ်မ ၃ တွင် ရည်ညွှန်းထားသည့်ကြီးကြပ်အုပ်ချုပ်မှုနှင့်လုပ်ငန်းဆောင်ရွက်မှုများတွင်၊ အမှုထမ်း နေသူများအား၊ ကုမ္ပဏီကပေးသည့်လစာစရိတ်ငွေများအတိုင်း ပြည်တွင်းရေကြောင်း သယ်ယူပို့ ဆောင်ရေးကို ပြည်ထောင်စုအစိုးရက လက်ခံယူရသည့်နေ့မှ၊ သုံးလအောက် မနည်းသည့်အချိန်ကာလ အတွင်း၊ သမတက၊ မိမိ၏လက်အောက်တွင် ဆက်လက်အမှုထမ်းစေရမည်။

၅။ ။ ဤအက်ဥပဒေစတင် အတည်ဖြစ်သည့်နေ့မှ ရက်သတ္တပတ် ၂ ပတ်အတွင်း၊ အောက်ပါကိစ္စများ အလို့ငှါ၊ ဥက္ကဋ္ဌတဦးနှင့်အဖွဲ့ဝင် ၂ ဦးပါဝင်သည့်ကော်မရှင်အဖွဲ့တခုကို သမတက ခန့်ရမည်-

(က) ကုမ္ပဏီထံမှ အမြဲတမ်းသိမ်းယူမည့်ပစ္စည်းများ၏ အကြောင်းအရာများကို သတ်မှတ်ဆုံးဖြတ်ရန်၊

(ခ) ပယ်ဖျက်

(ခ) ကုမ္ပဏီသို့ ပေးသင့်သည့် တရားမျှတသော လျော်ကြေးငွေနှင့်ပေးမည့်နည်းများကို သတ်မှတ်ဆုံး ဖြတ်ရန်၊

<ပြင်ဆင် 04.11.1948>

၅-က။ ။ (၁) ကော်မရှင်အဖွဲ့သည် အမှုစစ်ဆေးသောအခါ၊ အောက်ပါကိစ္စများနှင့်စပ်လျဉ်း၍ တရားမကျင့်ထုံးဥပဒေအရ၊ တရားရုံးသို့ အပ်နှင်းထားသော အာဏာများရရှိရမည်။

(က) ရှာဖွေခြင်းနှင့်စစ်ဆေးကြည့်ရှုခြင်း။

(ခ) ကော်မရှင်အဖွဲ့သို့ တက်ရောက်ရန်သက်သေများကို ဆင့်ဆိုခြင်းနှင့် တရားစရိတ်များကိုပေးသွင်း ထားစေခြင်း။

(ဂ) စာချုပ်စာတမ်းများကို ထုတ်ဖော်တင်ပြအောင်ပြုခြင်း။

(ဃ) သက်သေများကို ကျမ်းသစ္စာကျိန်စေ၍ စစ်ဆေးခြင်း။

(င) ရွှေ့ဆိုင်းခွင့်ပေးခြင်း။

(စ) ကျမ်းကျိန်လွှာဖြင့် ထွက်ဆိုသော သက်သေထွက်ချက်ကို လက်ခံခြင်း။

(ဆ) သက်သေများကိုစစ်ဆေးရန် အာဏာလွှဲအမိန့်များကို ထုတ်ခြင်း။

ထို့ပြင်၊ ကော်မရှင်အဖွဲ့ကို၊ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၈၀ နှင့် ၄၈၂ တို့၏သဘောအတွင်း၌ သက်ဝင်နေသည့်တရားမရုံးဟူ၍ မှတ်ယူရမည်။

(၂) ကော်မရှင်အဖွဲ့ဝင်များ ထင်မြင်ယူဆချက်ကွဲလွဲသည့်အခါ၊ ထိုကော်မရှင်အဖွဲ့ဝင်များရာ၏ ထင်မြင်ယူဆချက်သည် အတည်ဖြစ်ရမည်။

(၃) ကော်မရှင်အဖွဲ့ဝင် တယောက်သည် ကော်မရှင်အဖွဲ့ဝင်အဖြစ် ဆက်လက်မဆောင်ရွက်နိုင်လျှင်၊ နိုင်ငံတော်သမတသည်၊ ထိုအဖွဲ့ဝင်အစား အခြားသူတယောက်ကို ခန့်ထားရမည်။ ကော်မရှင်အဖွဲ့သည် မိမိတို့၏ဆောင်ရွက်မှုကို ကော်မရှင်အဖွဲ့စတင် ဖွဲ့စည်းစဉ်ကပင် ထိုသူအား၊ အဖွဲ့ဝင်ခန့်ထားဘိသကဲ့သို့ ဆက်လက်ဆောင်ရွက်ရမည်။

<ပြင်ဆင် 04.11.1948>

၆။ ။ ပုဒ်မ ၅ အရ၊ ပေးသင့်သည့်တရားမျှတသောလျော်ကြေးကို သတ်မှတ်ဆုံးဖြတ်ရာတွင်၊ ဤအက် ဥပဒေ စတင်အတည်ဖြစ်သည့်နေ့တွင်၊ သိမ်းယူရမည့်ပစ္စည်း၏ ကာလတန်ဘိုးကို၊ သို့တည်းမဟုတ် ထိုနေ့အထိကုမ္ပဏီ၌ ၎င်းပစ္စည်းအပေါ်တွင် ကုန်ကျသည့်စရိတ်ကို ကော်မရှင်အဖွဲ့က သင့်တော်မည် ထင်မြင်သည့်အတိုင်း ထည့်သွင်းစဉ်းစားရမည်။

၇။ ။ ပေးသင့်သည့် တရားမျှတသောလျော်ကြေးကို သတ်မှတ်ဆုံးဖြတ်ရာတွင်၊ ကော်မရှင်အဖွဲ့သည် တရားမကျင့်ထုံးဥပဒေ၊ သို့တည်းမဟုတ် အခြားဥပဒေတခုခုကို လိုက်နာရန်မလိုအပ်စေရ။ သို့သော် လည်း ၎င်းကော်မရှင်အဖွဲ့သည်၊ တရားမျှတစွာဆောင်ရွက်ရမည်။

၈။ ။ ပေးသင့်သည့် လျော်ကြေးနှင့်စပ်လျဉ်း၍၊ ကော်မရှင်အဖွဲ့က ချမှတ်သောဆုံးဖြတ်ချက်ကို ဥပဒေ ကြောင်းနှင့်ဖြစ်စေ၊ အမှုခြင်းရာနှင့်ဖြစ်စေ၊ ပြည်ထောင်စုအစိုးရ၊ သို့တည်းမဟုတ် ကုမ္ပဏီသည် တရား လွှတ်တော်ချုပ်သို့ အယူခံနိုင်သည်။

၉။ ။ (၁) အမြဲတမ်းသိမ်းယူရမည့် ပစ္စည်းများအပေါ်တွင် အပြီးသတ်ဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့် ကုမ္ပဏီ သို့ ပေးရမည့်တရားမျှတသော လျော်ကြေးငွေကိုသတ်မှတ်ဆုံးဖြတ်ခြင်းတို့ကို မပြုမီ၊ ကိုယ်စားလှယ် သဘောတူစာချုပ် အပိုဒ် ၁၁ တွင်၊ သီးခြားဖေါ်ပြထားသောစရိတ်ငွေများအားလုံးတို့ကို၊ သမတက ကုမ္ပဏီသို့ဆက်လက်ပေးရမည်။ သို့သော်လည်း အပိုဒ် ၁၂ အရ၊ လုပ်ငန်းများ ဆောင်ရွက်ခြင်းကြောင့် ပေးရသောအကောက်အစား(ကော်မရှင်)ကို၊ သမတက ကုမ္ပဏီမှ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး လုပ်ငန်းများတို့ကို လွှဲပြောင်းသိမ်းယူသည့်နေ့၌ ရပ်စဲရမည်။

(၂) ဗြိတိသျှနိုင်ငံ (ယူနိုက်တက်ကင်းဒမ်း)ရှိ၊ ရေယာဉ်များ ရယူရေးနှင့်အခြားကိစ္စများအတွက်၊ ကုမ္ပဏီ ၏ဆောင်ရွက်မှုကို သမတကအသုံးချသမျှကာလပတ်လုံး ကိုယ်စားလှယ်သဘောတူစာချုပ်အပိုဒ် ၈ အရ၊ ဗြိတိသျှနိုင်ငံ (ယူနိုက်တက်ကင်းဒမ်း)တွင် ကုန်ကျသည့်အထွေထွေစရိတ်ငွေများ (Overhead Charges) အတွက် ပေးရမည့် ငွေများကို၊ သမတက ကုမ္ပဏီသို့ဆက်လက်ပေးနိုင်သည်။

၁၀။ ။ အခြားအဖွဲ့အစည်းတခု၊ ဤအဖွဲ့အစားမတည်ထောင်သေးသမျှ၊ ဤအဖွဲ့သည် သမတက လက်ခံ သိမ်းယူသည့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ရမည်။

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

စဝ်ရွှေသိုက်၊<br>
နိုင်ငံတော်ယာယီသမတ။

ရန်ကုန်မြို့၊ ၁၃၁၀ ခုနှစ်၊ ကဆုန်လဆုတ် ၈ ရက်။<br>
(၁၉၄၈ ခုနှစ်၊ ဧပြီလ ၃၀ ရက်။)

အမိန့်အရ၊<br>
ရွှေဘော်၊<br>
နိုင်ငံတော်သမတအတွင်းဝန်။<br>
[အမှတ် ၈၆။]